# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

ရန်ကုန် မေ ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ ကျန်းကျန်းမာမာနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းအရ အစိုးရသစ်တစ်ရပ် ထွက်ပေါ်လာပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်စသည့် မဏ္ဍိုင်သုံးရပ်ထွက်ပေါ်လာပါကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ကို ကဏ္ဍအလိုက် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိအောင် တည်ဆောက်သွား ရမည်ဖြစ်ပါကြောင်း။

မိမိတို့ ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို အေးအေးချမ်းချမ်းနေနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်အောင် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း လွှတ်တော်၏ အခန်းကဏ္ဍမြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန် အစီအမံများချမှတ်ထားပါကြောင်း။

နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူ ပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်အောင် ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများက ယုံယုံကြည်ကြည်ဖြင့် ဆန္ဒမဲပေးရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါကြောင်း၊ ဒါကြောင့် မိမိတို့ကို ရွေးချယ်ပေးလိုက်သည့် ပြည်သူများ၏ ဆန္ဒနှင့်မျှော်လင့်ချက်များကို အထူးအလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လွှတ်တော်၏ ရည်မှန်းချက် တာဝန်(၄)ရပ်ကို ဖော်ဆောင်ရာတွင်လည်း လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများကို ကိုယ်စားပြု၍ အဆင့်မြင့်မြင့် ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများသည် ယနေ့မျက်မှောက်အခြေအနေနှင့် ကိုက်ညီမှု ရှိမရှိ၊ ထပ်မံဖြည့်စွက်ရန်လိုမလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန်လိုမလို စသည်များကို သေချာစွာစိစစ်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေရေးရာကိစ္စရပ်များကို နားလည်တတ်ကျွမ်းရန် လိုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်တွင် ပကတိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်နှင့် တည်ဆဲဥပဒေများကို နှိုင်းယှဉ်သုံးသပ်ပြီး နိုင်ငံသူ နိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် ထားရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက် ပေးသွားရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုနှင့် အစိုးရကြား ပြည်သူများ၏ လိုလားချက်များကို ကြားခံတစ်ခုအဖြစ် ဆောင်ရွက်ပေးနေရမည့်သူများဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုကြား ထဲထဲ

ဝင်ဝင် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်သူ့လိုလားချက်များကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ပြီး တိုက်ရိုက်ထိတွေ့ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၏ တာဝန်များကို ပြီးပြည့် စုံအောင် ဆောင်ရွက်ပေးနိုင်သည့် ကိုယ်စားလှယ်များဖြစ်အောင် ကြိုးစား ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြည်သူလူထုများ နားလည်ပြီး ပူးပေါင်းပါဝင်လာအောင် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးသွား ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု အကြပ်အတည်းဖြစ်စေသည့်ကိစ္စများကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ မျှော်မှန်းချက် မျှော်လင့်ချက် များကို အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားနိုင်ရေးအတွက် စွမ်းရည် မြင့်မားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတကာ လွှတ်တော်များ၊ အာဆီယံလွှတ်တော်များနှင့် နိုင်ငံတကာဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း လွှတ်တော် အဖွဲ့အစည်းများနှင့် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်ထားရန် လိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံတော်က အားကိုး ရသည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးတစ်ခု ဖြစ်လာစေရေးနှင့်ပြည်သူလူထုကို အမှန် တကယ်အကျိုးပြုသည့် ပြည်သူလူထုအားကိုးရာ လွှတ်တော်တစ်ခုဖြစ်လာအောင် ကြိုးစားဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က တွေ့ဆုံပွဲသို့ တက်ရောက် လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်းသိရသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပုလဲခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင် က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့်လွှတ်တော်ဆိုင်ရာလုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ အစည်းအဝေးခန်းမအား ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**